## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)
## ပထမနှစ် ကျောင်းသား၊ ကျောင်းသူများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သည် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အောက်ဖော်ပြပါ ဘွဲ့ကြိုသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး အထူးပြုဘာသာရပ်တစ်ခုလျှင် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ (၆၀) ဦးစီ လက်ခံသင်ကြားပေးသွားမည်ဖြစ်ပါသည်-

(က) Computer Science and Engineering (CSE)

(ခ) Electronics and Communications Engineering (ECE)

၂။ အထက်ဖော်ပြပါ ဘွဲ့ကြိုသင်တန်းများကို တက်ရောက်ရန်အတွက် ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်ပါက သင်တန်းကာလမှာ (၅) နှစ်တက်ရောက်၍ **B.E.(Hons)** ဘွဲ့ကို အပ်နှင်းမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအား အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဖြေဆိုခွင့်ပြုမည် -

(က) ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်-

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဇီဝဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ

(ခ) လျှောက်ထားသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်)(ပြု)(ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။

(ဂ) လျှောက်ထားသူများသည် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချမှုအား နားလည်နိုင်သော အရည်အချင်းရှိရမည်။

၄။ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ဝင်ခွင့်လျှောက်ထားရာတွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အောက်ဖော်ပြပါ အချက်အလက်များကို ပူးတွဲလျက် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ **တိုက်ရိုက်** လျှောက်ထားရမည်-

(က) ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်လက်မှတ် (မူရင်းနှင့်မိတ္တူ)

(ခ) ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)

(ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)

(ဃ) (၆) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၄)ပုံ

(င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းမှ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်သူများသည် စာမေးပွဲဖြေဆိုနိုင်ရေး အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း ဆောင်ရွက်ရမည် -

| စဉ် | အကြောင်းအရာ | ရက်စွဲ | မှတ်ချက် |
|---|---|---|---|
| ၁ | လျှောက်လွှာစတင်ထုတ်ယူနိုင်မည့်ရက် | ၁၁-၉-၂၀၂၆ | www.miit.edu.mm နှင့် MIIT ကျောင်းသားရေးရာဌာန တွင် ထုတ်ယူနိုင်ပါသည်။ |
| ၂ | လျှောက်လွှာ နောက်ဆုံး တင်သွင်းရမည့်ရက် | ၁၂-၁၀-၂၀၂၆ | MIIT ကျောင်းသားရေးရာဌာနသို့ အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း တင်သွင်းရမည်။ |
| ၃ | ဖြေဆိုခွင့်ကတ် ထုတ်ပေးမည့်ရက် | ၃၀-၁၀-၂၀၂၆ ရက်မှ ၂-၁၁-၂၀၂၆ ရက်ထိ | ဖြေဆိုခွင့်ကတ်ပြားမရှိပါက စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့် လုံး၀ (လုံး၀) မရှိပါ။ |
| ၄ | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | ၃-၁၁-၂၀၂၆ ရက် နှင့် ၄-၁၁-၂၀၂၆ ရက် | တက္ကသိုလ်ဝင်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ ဘာသာရပ်ဆိုင်ရာ မေးခွန်းများအား (၂)နာရီကြာ ဖြေဆိုရမည်။ |

၆။ တက္ကသိုလ်ဝင်ခွင့်အတွက် **ဝင်ခွင့်စာမေးပွဲရမှတ်နှင့် တက္ကသိုလ်ဝင်တန်းရမှတ်**ကို ပူးတွဲစဉ်းစားမည် ဖြစ်ပြီး အောင်မြင်သူများကိုသာ လက်ခံသင်ကြားပေးမည်။

၇။ အသေးစိတ်အချက်အလက်များကို **www.miit.edu.mm** တွင် လည်းကောင်း၊ တယ်လီဖုန်းနံပါတ် ၀၉-၇၈၅၅၅၇၇၀၂၊ ၀၉-၇၈၅၅၅၇၇၀၆ နှင့် ၀၉-၇၈၅၅၅၇၇၀၉ များသို့လည်းကောင်း တိုက်ရိုက် မေးမြန်း စုံစမ်းနိုင်ပါသည်။

ကျောင်းသားရေးရာဌာန

မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်

CamScanner